မောင်မျိုး စီစဉ်သည်။

# ပန်းသီခိုင် ရွှေအချစ်

(လုံးချင်းဝတ္ထုသစ်)



## ပထမကဏ္ဍ

ကျွန်မ နာမည်က မေစည်သူမောင်ပါ။

ကျွန်မ ဖေဖေက ဦးစည်သူမောင်ဆိုတော့ မေမေက ကျွန်မကို ခေါင်းရှုပ်မခံဘဲ သိပ်စဉ်းစားမနေဘဲ မေစည်သူမောင်လို့ ပေးခဲ့တယ်ထင်ပါရဲ့။

မောင်နှမတွေများတော့လည်း ကျွန်မအလှည့်မှာ မေမေက သားသမီးနာမည်ရွေးရတာ စိတ်ရှုပ်သွားပြီနဲ့ တူပါတယ်။

အိမ်မှာတော့ ကျွန်မကို အားလုံးက မေစည်လို့ ခေါ်ကြတယ်။ မေစည်သူမောင်လို့ခေါ်ရင် ရှည်မှာစိုးလို့။

သူငယ်ချင်းတွေကတော့ မေစည်သူလို့ ခေါ်ပါတယ်။

ကျွန်မပြောချင်တာ ကျွန်မ နာမည်အကြောင်းတော့ မဟုတ်ပါဘူး။ အဲဒါက မိတ်ဆက်ရင်းနဲ့ လျှာရှည်သွားတာ။

ကျွန်မ ပြောချင်တာက ကျွန်မနဲ့ ထိတွေ့ဆက်ဆံပတ်သက်နေတဲ့ လူနှစ်ယောက်အကြောင်းပါ။

ကျွန်မက ကောင်မလေးတစ်ယောက်ဆိုတော့ ကျွန်မမှာ ကောင်လေးဆိုတာတော့ ရှိမှာပေါ့။ ကောင်လေးနှစ်ယောက်ရှိတာပေါ့နော်။

အင်း . . . ဒါပေမယ့် . . .

နှစ်ယောက်စလုံးက ကျွန်မ ချစ်သူမဟုတ်သေးဘူး။

တစ်ယောက်က ကိုကြီး။

ကျွန်မ ခေါ်တာနော် ကိုကြီးဆိုတာ။

သူ့နာမည်က ထက်မြက်ခိုင်ကြည်တဲ့။

ကျွန်မ မိဘတွေက လိုလားကြည်ဖြူစွာ ဝင်ထွက်သွားလာခွင့် ပေးထားသူပေါ့။

ပညာတတ်တယ်၊ ပိုက်ဆံချမ်းသာတယ်၊ လူကြီးချင်းခင်မင်တယ်။

“ဘယ်လိုပြောရမလဲ၊ လူကြီးချင်းသဘောတူထားတာပေါ့ နော်”

အဟင်း . . . ကိုကြီးက မဆိုးပါဘူး။

ကျွန်မ အပြတ်မငြင်းသေးဘူး။ ဆုံးဖြတ်ရခက်တယ်လေ။

လူကြီးမိဘတွေ သဘောကို လွန်ဆန်ဖို့ ခက်တယ် မဟုတ်လား။

နောက်တစ်ယောက်က . . .

“အေးဂဏ္ဍာတဲ့။

လူနဲ့ နာမည်နဲ့ မလိုက်ပါဘူး။

လုံးဝ မအေးဆေးဘူး၊ မတည်ငြိမ်ဘူး။

အလကား စိတ်ပုပ်လူပုပ် အကုန်ပုပ်သိုးနေတာ။

စည်သူနဲ့ ရန်ဘက်ပေါ့။

နည်းနည်းလေးမှကို မတည့်ပါဘူး။

တွေ့တာနဲ့ သူနိုင်ကိုယ်နိုင် ကြဲပြီးသား။

မတွေ့တာလည်း မရှိပါဘူး၊ နေ့တိုင်း တွေ့နေတာ၊ မိုးလင်းမိုးချုပ် မတွေ့လိုက်တဲ့ရက်ရှိလို့လား။ နေကြတာ မျက်နှာချင်းဆိုင်။

လမ်းကျဉ်းကလေးပဲ ခြားတာ။

ဩော် ကျွန်မက ကိုယ့်ကိုယ်ကိုတော့ စည်သူလို့ ထည့်ပြောတတ်တဲ့ အကျင့်ကလေးရှိတယ်။

မေစည်လို့ ပြောရမှာလည်း တစ်မျိုးကြီး။

မေစည်သူဆိုတော့လည်း ရှည်ပြန်ရော။

'စည်သူက' 'စည်သူက' လို့ ပြောတာ နှုတ်ကျိုးနေပြီ၊ မတတ်နိုင်ဘူး မပြင်တော့ဘူး။

ပြောပြမယ်နော် . . .

လုံးဝ မတည့်တဲ့ အေးဝဏ္ဏနဲ့ လူကြီးချင်း သဘောတူထားတဲ့ ထက်မြက်ခိုင်ကြည်နဲ့ စည်သူ့အကြောင်းတွေလေ။ ဘာတွေဖြစ်ခဲ့သလဲဆိုတာ။

ကဲ . . . စတော့မယ်နော်။

စိတ်ဝင်စားရင် ဆက်နားထောင်ကြည့်ပါနော်။

**မေစည်သူမောင်**

*

"ဟိတ် . . . ရပ်စမ်း၊ ဒါ ဘာလုပ်တာလဲ"

ဟိန်းခနဲ ထွက်လာသော အသံကြောင့် မေစည်သူမောင် လန့်သွားရသည်။ ဒင်း ဘယ်လိုသိပြီး ရောက်လာတာလဲ မသိ။

ဟန့်တားသံကြောင့် တန့်ခနဲ ဖြစ်သွားသော်လည်း အဆက်မပြတ် ဆက်ခူးနေမိပါသည်။

ခြံစည်းရိုးက စံပယ်ပင်ပဲ။ သူတို့ချည်း ပိုင်တာကျလို့။ မခူးစေချင်ရင် ကိုယ့်ဝင်းထဲ လုံလုံခြုံခြုံ စိုက်ပါလား။

ပန်းနဲ့ကလည်း တသင်းသင်းနဲ့ ဘယ်လောက်ခူးချင်စရာလဲ။ မွှေးလို့ဖွေးလို့။ စံပယ်ဆို မြင်တာနှင့် အားပါးတရ ရှူရှိုက်ချင်သော သူမအဖို့ ဘယ်လိုလုပ် စိတ်ထိန်းနိုင်မှာလဲ။

သူ့စံပယ်ပန်းတွေကဖြင့် စည်သူ့ကို မခူး ခူးချင်အောင် မြှူဆွယ်နေကြတာ ကြည့်ပါလား။

ပွင့်ပြလိုက်တာမှ ပင်လုံးကျွတ်။

မွှေးပြလိုက်တာမှ အခန်းထဲအထိ စံပယ်နံ့ သင်းပျံ့နေသည်။ ခူးမိတာ အပြစ်လား၊ စံပယ်ပန်းအပြစ်လား၊ ခြံစည်းရိုးတလျှောက် စိုက်ထားခဲ့သူရဲ့ အပြစ်လား။

နမြောစရာမရှိ ကြံဖန်တွန့်တိုနေတာ။ မခူးလည်း အပင်မှာ နွမ်းသွားမှာများ။ ပုပ်ကို ပုပ်တယ်ဆိုတာ အဲဒါ ပြောတာ။ အလကားနေရင်း ညစ်ချင်နေတာ၊ ပြဿနာလုပ်ချင်နေတာ။

"ပြောနေတယ်လေ နားပင်းမ"

"အောင်မာ၊ ဘာနားပင်းမလဲ"

"မခူးနဲ့၊ ဒါ နင်တို့အပင်လား"

"ဘယ်သူ့အပင်ဖြစ်ဖြစ် ပွင့်ရင်တော့ ခူးမှာပဲ"

"တော်ရုံတန်ရုံခူးရင် ဟုတ်သေးတယ်၊ ကုန်ပါပြီ"

"ဟင် . . . ယောကျ်ားလေးဖြစ်ပြီး ပန်းနမြောနေရသလား၊ နင်ပန်မလို့လား၊ ဒီလောက်ကပ်နေရအောင်"

"ဟ ပန်းပွင့်နေတော့ မွှေးတာပေါ့၊ နင်က လောဘတကြီး အငမ်းမရခူးနေတာ၊ အမြစ်ပါနှုတ်တော့မလား မှတ်ရတယ်"

“ငါ့ဟာငါ ဘယ်လောက်ရူးရူး ဘယ်လိုရူးရူးပေါ့”

“နင် ကြာလေ လွန်လေပဲ”

“လွန်တော့ ဘာလုပ်ချင်လဲ”

မေစည်သူက မခန့်လေးစား မေးမိသည်။ အေးဂဏ္ဍာမျက်နှာတင်းခနဲဖြစ်သွား၏ ။ မျက်လုံးတွေက ရန်လိုဟန်အပြည့်။

“တောက် . . .”

ချာခနဲလှည့်ထွက်လျှောက်သွားတာကို မေစည်သူ ရယ်မိသည်။

“ပန်းရူးတာကိုများ မိန်းကလေးနဲ့ ပြိုင်ရန်ဖြစ်ချင်သေးတယ်။ ဘယ်လိုလူလဲ မသိပါဘူး”

တခစ်ခစ်ရယ်ရင်း သူ ကြားအောင် ပြောမိသည်။

အေးဂဏ္ဍာက ခြေလှမ်းရပ်ကာ နားစွင့်သည်။

ပြီးမှ တစ်ချက်ပြုံးလိုက်၏ ။

ထိုအပြုံးက အဓိပ္ပါယ်ပါသည်။

တစ်ခုခု တုံ့ပြန်မည့်အပြုံးမျိုး။ အကြံရသွားသလို အပြုံး၊ အေးဂဏ္ဍာ ဘာလုပ်မလို့ပါလိမ့်။

မေစည်သူကတော့ မသိရှာ။

ဝုန်းခနဲ တံခါးပိတ်သံက မေစည်သူဆီ လွင့်လာသည်။ မေစည်သူက အားပါးတရ ပြုံးနေသည်။

အေးဂဏ္ဍာ တစ်ခုခုတုံ့ပြန်လျှင်ရော ပြုံးနိုင်ပါ့မလား။ ရယ်နေနိုင်ပါ့မလား စောင့်ကြည့်ရမည်။

*

"ပြောလေ"

ဇကာလေးနှင့်အပြည့်ထားသော စံပယ်ပန်းတွေကို ငုံ့မွှေးပြီး လက်ကလေးနှင့် ပိုက်ထားရင်းက မေးမိသည်။

သူငယ်ချင်းတွေ ဖုန်းဆက်လာတော့ မေစည်သူမောင် ပျော်ပါသည်။ ဝမ်းသာအားရဖြစ်သွား၏ ။

ကျောင်းပိတ်ရက်မှာ ပျင်းနေမိသည် မဟုတ်လား။

"မေစည် ဘာလုပ်နေလဲ"

"ဘာမှ မလုပ်ပါဘူး၊ ဘာအစီအစဉ်ရှိလို့လဲ ပြောလေ၊ ရှင်တို့ ဖုန်းကို မျှော်နေတာဟဲ့"

"မနက်ဖြန် လာခေါ်မယ်လေ"

"တကယ်"

"တကယ်ပေါ့၊ ရှင် အဆင်သင့်ပြင်ပြီး စောင့်နေ"

"ဘယ်သွားမလို့လဲ"

မေစည်သူမောင် စိတ်ဝင်တစား မေးမိသည်။

"ပထမဆုံး မုန့်သွားစားမယ်၊ ပြီးရင် ရုပ်ရှင်ကြည့်မယ်၊ သမ္မတရုံကကား ကောင်းတယ်နော်၊ ရုပ်ရှင်ကြည့်ပြီးရင် ယုဇနပလာဇာသွားမယ်။ အဲဒီ ကအပြန် ဖန်တက်စီဝေါဝင်မယ်၊ မကောင်းဘူးလား"

"အင်း မနက်စောစောလာခေါ်နော်"

"အေးပါ၊ အေးပါ၊ အချိန်ရရင် မြို့ထဲအနှံ့ လျှောက်သွားမယ်"

"အိုကေ၊ စည်သူ စောင့်နေပေါ့မယ်"

"ဟဲ့. . . နေဦး၊ ကားက နင်ယူလာမှာလား မေစည်"

"ရတယ်လေ၊ ယူဆို ယူလာမှာပေါ့"

"ပြီးရော၊ နင့်ကားအမြင့်ကြီးက စီးလို့ကောင်းတယ်"

"အေးပါ၊ ကျုပ် မောင်းတာကို ရှင်တို့က ဖိမ်ကျကျထိုင်စီးမယ်ပေါ့ ဟုတ်လား၊ သိပါတယ်"

သူငယ်ချင်းနှစ်ယောက်က ဖုန်းခွက်တလှည့်စီလုပြီး ပြောနေကြသည်။ ရယ်သံတွေလည်း ကြားရသည်။

"ငါက မမောင်းရဲလို့ပါ မေစည်ရဲ့"

"ဟင် . . . ညီအစ်မနှစ်ယောက်စလုံး မမောင်းရဲဘူး၊ အားမကိုးရပါဘူး၊ အလကားကြောက် နေတယ်"

"အဟင်း . . .. ဒါကတော့"

"ရှင်တို့ ညီအစ်မနဲ့ ကျုပ် မခင်ချင်ဘူး၊ ဘယ်သွားသွား ကျုပ်ပဲ မောင်းရတာ မတန်ဘူး"

"ရတယ်လေ၊ ထိုင်စီးချင်ရင် တက်စီနဲ့ သွားမယ်"

"ဟင် . . . တက်စီဖိုးနဲ့ မွဲမှာပေါ့"

"နှမြောရင် ရှင်မောင်းပေါ့"

"ထားပါတော့၊ မတတ်နိုင်ဘူး၊ ကျုပ်ပဲ မောင်းရမှာပေါ့"

မေစည်သူမောင် သဘောတူလိုက်သောအခါ သူတို့နှစ်ယောက် အော်ရယ်ကြတော့သည်။ တော်တော်ခင်စရာကောင်းတဲ့နှစ်ယောက်။

တစ်ယောက်က မြခွာညို။

နောက်တစ်ယောက်က လှခွာညို။

သူတို့ ညီအစ်မက မေစည်သူမောင်၏ အခင်မင်ဆုံး သူငယ်ချင်း အမွှာညီအစ်မ။

တော်ရုံတန်ရုံ ဘယ်သူနှင့်မှ ခင်ခင်မင်မင် ရောရောဝင်ဝင်မနေဘဲ သူတို့ ညီအစ်မနှစ်ယောက်သာ သီးသန့်နေလေ့ရှိသော်လည်း မေစည်သူမောင်ကိုတော့ သူတို့က ရင်းနှီးခင်မင်ပြီး သူတို့နှစ်ယောက်ကြား အဝင်ခံကာ သုံးယောက်အဖြစ် ခင်မင်လာကြတာ ကြာခဲ့ပြီ။

"မနက်ဖြန်နော်"

"အင်း"

"အစီအစဉ်ပျက်ရင် ညဘက် အကြောင်းကြားမယ်၊ ဖုန်းဆက်မယ်လေ"

"အိုကေ"

မေစည်သူမောင်က ဖုန်းချပြီးသောအခါ စံပယ်ပန်းတွေကို စားပွဲသေးသေးလေးပေါ် ဖြန့်ခင်းကာ စားပွဲကို အိပ်ရာဘေး ချထားမိသည်။

"မွှေးလိုက်တာ ရင်ထဲ လန်းသွားတာပဲ"

အေးဂဏ္ဍာ၏ မကြည်မလင် မျက်နှာကြီးကို မြင်ယောင်ပြီး ဖွဖွပြုံးမိ၏ ။ စိတ်ပုပ်တွန့်တိုလို့လား မသိပါဘူး။ စံပယ်တွေက ပိုပြီး မွှေးပြနေလိုက်တာ။

*

ညစာ ထမင်းစားပြီး တီဗွီကြည့်နေခိုက်မှာ မေမေက မေစည်သူ့ဘေးကို ရောက်လာပြီး စကားဆိုသည်။

"သမီး"

"ရှင် မေမေ"

တီဗွီမှ အကြည့်မခွာဘဲ ပြန်ထူးမိသည်။ မေမေက မေစည်သူ လှည့်ကြည့်လာချိန်ကို စိတ်ရှည်ရှည်စောင့်ကာ နေသည်။

"ဘာလဲ မေမေရဲ့"

မေစည်သူမောင် မတတ်သာဘဲ လှည့်ကြည့်ကာ မေးရတော့သည်။

"မနက်ဖြန် နေ့လည်စာ ကျွေးဖို့ မောင်ထက်မြက်ကို မေမေဖိတ်ထားတယ် သမီးရဲ့"

"ဟာ သွားပါပြီ"

မေမေ့စကားကြောင့် မေစည်သူ အကြီးအကျယ် စိတ်ညစ်သွားမိသည်။ ကြိုကြိုတင်တင်လည်း မပြောထား။ မြခွာညိုနှင့် ချိန်းပြီးသားဖြစ်ကာမှ . . .

"သမီး သိအောင် ပြောထားတာ"

မေစည်သူ နှုတ်ခမ်းစူမိသည်။

"သမီး မနက်ဖြန် အပြင်သွားမလို့ မေမေရဲ့"

မကျေမနပ် ပြောမိသည်။

"နောက်နေ့မှသွားပေါ့၊ မောင်ထက်မြက်က ရုံးပိတ်ရက်ပဲ အားတာလေ၊ သမီးနော် ဂျီမကျနဲ့"

မေစည်သူကို မေမေက ဟန့်တားသည်။

"နောက်တစ်ပတ်မှ ကျွေးပါလား မေမေရာ"

"အမယ်လေးနော်၊ ညည်းက အမေကို ပြန်ပြီး စီမံခန့်ခွဲနေပါလား ဒေါ်မေစည်သူမောင်ရဲ့"

မေမေက စိတ်ဆိုးသည်။ မေစည်သူကို ငေါ်တော့တော့ဆိုသည်။

"သမီးကလည်း မနက်ဖြန် ခွာညိုတို့နဲ့ ပြောထားပြီးသား"

"နောက်နေ့ ရွှေ့လိုက်ပေါ့"

မေမေက လွယ်လွယ်အမိန့်ပေးသည်။ ခေါင်းမာချင်သော စည်သူ့သဘောကို နားလည်သည်။

ထက်မြက်အားမည့်နေ့ လာမည့်အချိန်ကို စည်သူက အစီအစဉ်အားလုံးဖျက်ကာ ကြိုရမှာလား၊ မတရားပါ။

စိတ်ထဲမှာ အောင့်သက်သက်ဖြစ်၏ ။ အခံရခက်သည်။ မေမေ့ကိုလည်း ကလန်ကဆန်မလုပ်ချင်။ မေမေဆူတာကိုလည်း မကြားချင်ပါ။ ပြီးတော့ မေမေ စိတ်ဆိုးပြီး ဆူပေါက်လျှင် တော်တော်နှင့်မပြီးနိုင်၊ ရှည်လွန်းသည်။

စည်သူက နှုတ်ခမ်းလေးကိုက်ပြီး စိတ်လျှော့လိုက်၏ ။

ကဲ . . . ရှိစေတော့၊ မေမေ ဆန္ဒသည် ပထမ။ အမြဲတမ်းသည်လိုပဲရှိခဲ့တာ မဟုတ်လား။

မေစည်သူမောင်က တီဗွီဖန်သားပြင်ဆီ အကြည့်ပြန်ရွှေ့သည်။ မေမေက ကျေနပ်စွာ ထထွက်သွား၏ ။

ခွာညိုတို့ဆီ ဖုန်းဆက်ပြီး တောင်းပန်ရတော့မည်။ မေမေ့အကြောင်းကို နားလည်နေသော ခွာညိုတို့က မေစည်သူမောင်ကို ဗွေမယူ အပြစ်မတင်ရက်ကြပါ။

"ဪ . . . သမီး"

မေမေက သတိတရ ပြန်လှည့်လာသည်။

"မနက်ဖြန် မောင်ထက်မြက် မွေးနေ့တဲ့"

လာပြန်ပြီ နောက်တစ်မျိုး။ မေစည်သူက နှာခေါင်းလေး ရှုံ့လိုက်သည်။

"စည်သူက မွေးနေ့လက်ဆောင် ပြင်ဆင်ထားရဦးမှာလား"

မေမေက ခပ်ပြုံးပြုံး ခေါင်းညိတ်သည်။

"ရပါတယ်၊ ဟိုနေ့က ဝယ်လာတဲ့ ဂီတာပုံစံသော့ချိတ်လေးရှိသားပဲ။ အဲဒါ ပေးလိုက်မယ်လေ"

လွယ်လွယ်ကူကူပဲ တွေးကာ ပြောလိုက်ပါသည်။ မေမေကတော့ ပြီးစလွယ်နိုင်လိုက်တာဟု ထင်မှာမလွဲမသွေပါ။

"လှပါတယ် ကီးချိန်းလေးက၊ ဂီတာပုံစံအမဲရောင်လေး"

မေစည်သူက ကိုယ့်ကိုယ်ကို ဂုဏ်ယူစွာ ပြုံးမိသည်။

ချက်ချင်း အကြံထွက်သည်။ တိုးတက်လာပြီ။ ဘယ်ဆိုးလို့လဲ။ ထပ်ပြီး မတိုက်တွန်းချင်တော့သလို မေမေက ဆက်မပြောတော့ပါ။ ဦးထက်မြက်ခိုင်ကြည်ကတော့ မေမေ့ကို ဘယ်လိုစည်းရုံးထားသလဲ မသိပါ။ မေမေက သိပ်ကို လိုလားကြည်ဖြူနေတော့သည်။

စည်းကမ်းကြီးသော ခပ်တင်းတင်းနေတတ်သော စေ့စပ်သေချာသော မေမေ့ကို ဘယ်လိုများပေါင်းလိုက်ပါလိမ့်။

ဦးထက်မြက်ခိုင်ကြည်ကိုလည်း လျော့တွက်မရ။

သူ တကယ်ပဲ မေစည်သူမောင်၏ ဇာတ်လိုက်ဖြစ်လာနိုင်သည်။ အင်း မေစည်သူကတော့ မကြိုက်ပေါင်။

ရင်မှ မခုန်ဘဲ။

အချစ်ဆိုတာ အဲဒီ လို အေးစက်စက်စိမ်းသက်သက် အရာမျိုးလား။ ဟုတ်နိုင်ပါဘူး။

အချစ်မှာ စွမ်းအားရှိတယ်၊ တန်ဖိုးရှိတယ်၊ ဖမ်းစားနိုင်တယ်၊ သိမ်းသွင်းနိုင်တယ်၊ ပျော်စေနိုင်တယ်တဲ့။

သချောတာက ဦးထက်မြက်ခိုင်ကြည်ကို မေစည်သူ ဘယ်လိုမှ မနေတာပါပဲ။

ပကတိအဖြူရောင်။

အချစ်က လဲ့လဲ့ကလေး ပြပြကလေးပင် မစွန်း။

*

တီဗွီကြော်ငြာသီချင်းလေးကို ထပ်တလဲလဲ ညည်းမိရင်း ခြံထဲမှာ လက်ကလေးနောက်ပစ်လျှောက်ကာ အေးအေးလူလူရှိနေသော မေစည်သူက ခြံစပ်မှာ ပွင့်နေသော နှင်းဆီပန်းကို မြင်သည်။

နှင်းဆီပန်းအိုးကို ခြံစပ်နား လာချထားတာပဲဟု စိတ်ကလွယ်လွယ်ထင်လိုက်သည်။

ပန်းမြင်လျှင် ခူးချင်သည့် စိတ်ကလေး ဇောကပ်ကာ ချက်ချင်း လျှောက်သွားမိပါသည်။

အမှန်ဆို စံပယ်ပင်တွေကြားမှာ နှင်းဆီပန်းက ဘယ်လိုရှိမှာတုန်း။ မတွေးမိလိုက်တာ။

အေးဂဏ္ဏာထောင်ချောက်ထဲ လှလှပပဝင်သွားသည်။ နှင်းဆီပန်းကို ဂမ်းသာအားရ လှမ်းဆွဲယူမိသောအခါ လူက ဟန်ချက်ပျက်ပြီး ပန်းက ချက်ချင်းပဲ ပျောက်သွားသည်။

"ဟား . . . ဟား . . . ဟား"

အားပါးတရ ရယ်သံကြီးကို ကြားရသည်။ မုန်းစရာကောင်းလိုက်တာ။ ရှက်စရာလည်း ကောင်းပါတယ်။

အေးဂဏ္ဏာက နှင်းဆီပန်းကို တမင်တင်ထားခဲ့တာ။

"လောဘတွေလည်း လျှော့ပါဦး"

ရှက်ရှက်နှင့် ထူပူစွာ မျက်စောင်းရှယ်မိသည်။

"ဟွန်း . . . အလုပ်မရှိ အလုပ်ရှာ"

"လောဘကြီးတဲ့သူတွေ သင်ခန်းစာပေးနေတာ"

"အောင်မယ်၊ ကြီးကျယ်လို့၊ နှင်းဆီပန်းများ ဆယ်ပွင့်မှ ရှစ်ဆယ်ကိုးဆယ်၊ မမက်ပါဘူး"

"ဟုတ်လား မမက်လို့ပဲ"

မေစည်သူက အေးဂဏ္ဍာကို မြင်ပြင်းကပ်စွာ ကြည့်မိသည်။

"ဒါ . . . ပထမသင်ခန်းစာ (ပတ်(စ်)လက်ချာပဲ) ပဲ ရှိသေးတယ်"

"ဟွန်း"

မေစည်သူက အဖက်မလုပ်ချင်သလို လွှဲပစ်သည်။ ချာခနဲ လှည့်ထွက်လာခဲ့သည်။

"လိုချင်ရင်လည်း တောင်းပေါ့ဟာ"

ဒါတောင် မကြားကြားအောင် လိုက်အော်နေသေးသည်။

အံ့ပါရဲ့။

မေစည်သူ ရှက်အောင် တမင်ကြံဖန် စတာ။

စတာမှန်း သိပေမယ့်လည်း ရင်ထဲမှာ မကြည်လင်၊ မုန်းသည်။

အလကားသက်သက် လိုက်ကပ်သပ် ရန်ဖြစ်နေတာ။ ဘာသဘောမှန်းမသိ။ မေစည်သူရော ငုံ့ခံနေမှာတဲ့လား။

အခွင့်ရေးပေးရင် ပေးသလို တုံ့ပြန်ချေပမှာပါ။

လွယ်လွယ်အညှံ့ခံမယ် မထင်ပါနဲ့။

အေးဂဏ္ဏာ . . . အေးဂဏ္ဏာ။

တွေ့မယ်၊ မေစည်သူအကြောင်း သိအောင် ပြရတာ ပေါ့။ နှုတ်ခမ်းကိုက်ကာ ကြိတ်မနိုင်ခဲမရ ဖြစ်နေမိသည်။

*

# အခန်း(၁)

"အန်တီ"

"ဩော် . . . မောင်ခိုင်ကြည် လာလေ"

ဧည့်ခန်းထဲက မေမေ့ခေါ်သံရော ကားဝင်လာသံပါ ကြားတာမို့ သိပြီးသားဖြစ်သော်လည်း စားလက်စ လက်ဖက်သုပ်ကိုပဲ ဖြည်းဖြည်းဌေးကာ မေမေ မခေါ်မချင်း ဆက်ထိုင်နေလိုက်ပါသည်။

ချက်ချင်းပါပဲ မေမေက လှမ်းခေါ်တော့တာ။

"သမီး မေစည်၊ ဒီမှာ ဧည့်သည်ရောက်နေပြီလေ"

"ဟုတ်ကဲ့"

အသံနှင့် အချိန်ဆွဲထားမိသည်။ စားပွဲပေါ် ဖြန့်ချထားသော မဂ္ဂဇင်းမှ မျက်လုံးမခွာနိုင်။

"အင်း . . . ဒီ မစ် (Miss) ပြိုင်ပွဲက မဆိုးဘူးပဲ"

အချက်အလက်တွေ ဖတ်ကြည့်ကာ ဝင်ပြိုင်ချင်စိတ်ပင် ပေါက်မိပါသည်။ မေမေ မကြိုက်မှာ စိုးလို့သာ။

"သမီး"

မေစည်သူ ဘေးကို မေမေ ရောက်လာသည်။

"မောင်ခိုင်ကြည် ရောက်လာပြီ"

"သိပါတယ် မေမေရဲ့"

"သွားတော့လေ၊ ညော့်သည်တစ်ယောက်ထဲ"

"ခဏလေးပါ မေမေရဲ့၊ ဒီမှာ ပုစွန်ခြောက်ဖတ်ကလေး ရှာနေတာ၊ ဟော . . . တွေ့ပြီ"

လက်ဖက်ပန်းကန်ကို ဇွန်းနှင့် မွှေနှောက်ကာ မေစည်သူမောင်က ဆိုပါသည်။ မေမေ့ကို တမင်စ ချင်စိတ်နှင့်ပါ။

မေမေက မေစည်သူကို ခေါင်းခေါက်ဖို့ရွယ်ပြီးမှ စားပွဲပေါ်က မဂ္ဂဇင်းစာအုပ်ကို ပိတ်လိုက်သည်။ မတတ်သာဘဲ ခုံမှထကာ ညော့်ခန်းဘက်လျှောက်လာခဲ့ရသည်။ ပြီးမှ ဦးထက်မြက်ခိုင်ကြည်ကိုပေးဖို့ ဂီတာသော့ချိတ်ကလေးယူဖို့ သတိရသည်။

"ဟဲ့ . . . ဒါ ဘယ်သွားဦးမလို့လဲ"

"မောင်ခိုင်ကြည်အတွက် ဘတ်ဒေးပရဲစင့်နိယူမလို့"

မေမေခေါ်သလို မောင်ခိုင်ကြည်ဟု ထည့်သုံးလိုက်ပါသည်။

"ဒီကောင်မလေးနော်၊ ကိုယ့်ထက်အကြီးကို"

"ဟွန့်၊ မေမေကလည်း မေမေကျတော့ ဖေကြီးကို သမီးခေါ်သလို 'ဖေကြီး ဖေကြီး' လိုက်ခေါ်နေပြီးတော့ . . ."

"လျှာကို ရှည်ပါတယ်တော်"

မေမေက မေစည်သူကို လက်လျှော့သလိုဆိုပါသည်။ ဂီတာပုံစံသော့ချိတ်အနက်ရောင်လေးကို ညကတည်းက စက္ကူဘူးကလေးနှင့်ထည့်ပြီး ပက်ကင်ပေပါလှလှကလေးနှင့် သေသပ်စွာ ထုတ်ထားပြီးသားမို့ အဆင်သင့်ယူလိုက်ရုံပါ။

ယူပြီးမှ အောက်ထပ်ပြန်ဆင်းလာခဲ့သည်။

"ကိုထက်မြက်၊ ရောက်နေတာကြာပြီလား"

"မကြာသေးပါဘူး"

"ကိစ္စရှိလို့လားဟင်"

"အင်း . . ."

ထက်မြက်ခိုင်ကြည်က ခေါင်းညိတ်သည်။ အမြဲတမ်း စမတ်ကျလှသော သူ့သဏ္ဌာန်ကို မေစည်သူ လှမ်းကြည့်မိပါသည်။

မှန်စားပွဲပေါ် ဟင်းန်ဖုန်းနှင့် မျက်မှန်အနက်ချထားပြီး ဘောင်းဘီရှည်အနက်ရောင်နှင့် ခြေချိတ်ထိုင်ကာ မတ်နေသော ကိုယ်ဟန်နေထားမှာ ယောကျ်ားပီသလှသည်။

ဝတ်ထားသော ရှပ်အကျီအကွက်စိပ်ကလေးက မိုးပြာရောင် သန့်ပြန့်ခန့်ညားသော သူ့စတိုင် သူ့ရုပ်ရည် တည်ကြည်သော အပြောနှင့် ပြည့်စုံသော ဘဂမို့ မေမေကလည်း မေစည်သူအတွက် သူ့ကို ရွေးခဲ့တာပဲ ဖြစ်ပါလိမ့်မည်။ ကြီးကြီးမားမားလိုအပ်ချက်မရှိသော သားမက်မျိုး မလိုချင်ရှိပ့ါမလား။

"ပြောလေ ဘာကိစ္စလဲ"

သူ့ရှေ့ဝင်ထိုင်ကာ မေးမိပါသည်။ သူက ဖွဖွပြုံးပြီး ရွှန်းလဲ့သော မျက်လုံးများနှင့် ကြည့်လာသည်။ အနေကျုံ့သလိုဖြစ်မိတာမို့ မျက်လွှာချမိသည်။

"ခ်ဲထဲဆင်းလျှောက်ရင်း ပြောကြတာပေ့ါ"

"ဟုတ်ကဲ့"

မျက်နှာချင်းဆိုင်ထိုင်နေရတာ တမျိုးကြီးပါ။ ရှိုးတိုးရှန့်တန့်နိုင်လှသည်။ လမ်းလျှောက်ရင်း ပြောရတာ ပိုပြီး လွတ်လပ်အဆင်ပြေသည်။

ယှဉ်လျှောက်နေတော့ သူ ကြည့်ချင်တိုင်း ကြည့်မရတော့ပါ။ လှည့်ကြည့်မှသာ မြင်ရမှာ။

မေစည်သူ တစ်ချက်ပြုံးမိသည်။

ကြည့်တာလေးကိုပင် တွန့်တိုနေမြောနေမိသလား။

မေမေကဖြင့် မေစည်သူမောင်၏ တစ်ဘဝလုံးကို သူ့လက်ထဲ အပ်နှံစိတ်ချချင်တာ။

ကွာလွန်းနေပြီ။ မေမေနှင့် မေစည်သူ ညှို၍ ရပ့ါမလား။

"အပြင်ထွက်ပြီး တစ်ခုခုစားမလား"

"ဟင့်အင်း . . . နေပါ၊ ရတယ်၊ မေစည်သူ မဆာပါဘူး၊ မေမေက ကိုထက်မြက်ကို ထမင်းစားဖိတ်ထားတာပဲ။ ဩော် ဒီမှာနော်ရော့ . . . ဘတ်ဒေးပရဲစင့်န် (မွေးနေ့လက်ဆောင်)"

"ဒါတွေ မလိုပါဘူး"

မေစည်သူ လှမ်းပေးသော သော့ချိတ်ဘူးလေးကို ယူပြီး အားနာစကားဆိုပါ၏ ။

"ကျွန်တော်က ဘာမှ မေစည်သူ့ဆီက မလိုချင်ဘူး၊ မေစည်သူ လိုအပ်သမျှကိုသာ ဖြည့်စွမ်းပေးသွားချင်တာပါ"

"ကျေးဇူးတင်ပါတယ်"

"ဖွင့်ကြည့်မယ်နော်"

"ဟင် . . . အခုလား"

"ဒါပေ့ါ"

"အိမ်ရောက်မှ ကြည့်ပါလား"

“ခုပဲ ကြည့်လိုက်မယ်လေ”

ပက်ကင်ပေပါကို သူက ဖောက်လိုက်ပြီမို့ မေစည်သူ မတားတော့ပါ။ တားလည်း နားထောင်မှာမဟုတ်။

သူက လူကြီးတစ်ယောက်လိုနေကာ ဩဇာညောင်းမည့်ပုံပါ။ မေစည်သူ ဆရာလုပ် အမိန့်ပေးတာကို ခံမှာမဟုတ်။

“အင်း . . . ချစ်စရာလေးပဲ”

ဂီတာပုံအနက်ရောင်သော့ချိတ်ကို ထောင်ကြည့်ပြီး သူက ရယ်သံနှင့် ဆိုပါသည်။ သူ့အတွက်တော့ ကလေးဆန်သော မေစည်သူဟာ ပြုံးချင်စရာပဲ မဟုတ်လား။

“တကယ် စိတ်ကူးယဉ်ဆန်တာပဲ”

သူကတော့ ဘာမဆို လက်တွေ့ကျကျလုပ်ဆောင်နေသော စီးပွားရေးသမား လူငယ်တစ်ဦးမို့ မေစည်သူကို ပြုံးချင်တာပဲဖြစ်လိမ့်မည်။

“အိုကေလေ၊ ကားသော့ချိတ်လုပ်လိုက်မယ်”

ချက်ချင်းပဲ ဘောင်းဘီအိတ်ထဲက ကားသော့ကို ထုတ်ယူကာသော့ချိတ်လဲပစ်လိုက်ပါသည်။ မြန်မြန်ဆန်ဆန်ရှိသည်။ အချိန်ဆွဲမနေ။

“မနက်ဖြန် မွေးနေ့အထိမ်းအမှတ် အိမ်မှာ ညစာစားပွဲလေး လုပ်ပေးလိုက်မယ်။ မိတ်ဆွေတွေ အလုပ်သမားတွေက ရှိနေတယ်လေ။ အဲဒါကြောင့် မေစည်သူ စောစောကတည်းက ရောက်နေစေချင်တယ်၊ ကားလွှတ်လိုက်မယ်”

မေစည်သူက ပင့်သက်မျှင်မျှင် ရှိုက်သည်။

“မေမေကလည်း မှာလိုက်တယ်လေ”

ဘာပြန်ပြောရမှန်း မသိပါ။ စိတ်တွေ ချက်ချင်းနောက်ကျိ

ရှုပ်ထွေးကုန်သည်။ အမှန်ဆိုရလျှင်တော့ လုံးဝမသွားချင်ပါ။ မဆုံးဖြတ်ရသေးပါ။ သူ့ကို လက်ထပ်ဖြစ်ချင်မှ လက်ထပ်ဖြစ်မှာ။ သူ့ဇနီးလောင်းအဖြစ် သူ့မိတ်ဆွေအပေါင်းအသင်းတွေရှေ့မှာ သူ့ အလုပ်သမား လက်အောက်ငယ်သားတွေရှေ့မှာ ထွက်ရပ်ပြသင့်ရဲ့လား၊ အချိန်မတန်သေးပါ။

သည်ကိစ္စကို အချိန်ယူစဉ်းစားရပါဦးမည်။ ငြင်းရခက်စွာ လက်လည်းမခံချင်ဘဲ ငြိမ်သက်ကာနေရသော ပြစ်အင်သည် ပင်ပန်းလွန်းလှ၏ ။ ငြင်းလိုက်လျှင် သူ မျက်နှာပျက်မည်။ အားနာစရာကောင်းမည်။ မေမေဆူလိမ့်မည်။ ဘယ်လိုလုပ်ရမှန်းပင်မသိ။

“မေစည်သူ စောစောရောက်နေမှ လိုအပ်တာ ကူညီနိုင်မယ်လေ”

အင်းမလုပ်အဲမလုပ်ရှိနေပေမယ့် သူက သိပ်ဂရုမစိုက်ပုံမပေါ်။ ဘယ်လိုကြီးလဲ။ သူစီမံသမျှ နာခံလိုက်လျှောရတော့မလို။

“ဟာ . . . ဘာလဲဟ”

ရေပိုက်က ရေတွေ ဘွားခနဲလွင့်ကာ ထက်မြက်ခိုင်ကြည် ကိုယ်ပေါ် ရွှဲစိုနစ်သွားသည်။

ရုတ်တရက်မို့ မေစည်သူ မျက်လုံးဝိုင်းကာ လန့်သွားမိသော်လည်း ချက်ချင်းပဲ နားလည်ကာ ပြုံးချင်ချင်ဖြစ်သွားရသည်။

“အပင်ရေလောင်းတာ ဒီအထိရောက်ရသလား”

ထက်မြက်ခိုင်ကြည် မျက်နှာက တင်းမှုန်သွား၏ ။

“ဆောရီးနော် ကိုထက်မြက်”

မေစည်သူက ကြားဝင်တောင်းပန်လိုက်ပါသည်။ အေးဂဏ္ဍာတမင်ပက်မှန်းသိပေမယ့် မသိသလို လုပ်ရသည်။ စိတ်ထဲမှာတော့ ဒေါသဖြစ်မိသည်။

"ခြံစည်းရိုးက အုတ်တံတိုင်းပဲ ကောင်းတယ်"

"အင်းနော်"

"ဒီလိုပဲ သူတို့ အပင်ရေဖြန်းရင် ဖြစ်တတ်သလား"

"တစ်ခါတလေပါ"

"အန်တီ ပြောဦးမှာပဲ၊ အမိပ္ပါယ်မရှိတာ"

ထက်မြက်ခိုင်ကြည်မှာ အေးဂဏ္ဍာ တမင်လှမ်းပက်မှန်း မသိဘဲ မတော်တဆဖြစ်သည် ထင်ကာ ပြောဆိုနေသည်။

အမှန်တော့ အေးဂဏ္ဍာက မေစည်သူမောင်ကို စိုအောင်တမင်လုပ်တာ။ မထင်မှတ်ဘဲ ထက်မြက်ကို ထိစင်သွားသည်။

"ဘယ်လိုလူတွေလဲ၊ ဒီဘက်မှာ လူရှိနေတာ သတိထားမှပေါ့။ ပစ်စလက်ခတ်နိုင်လွန်းတယ်ကွာ"

"ဟုတ်ပါတယ်၊ ခေါ်ထားတဲ့ အလုပ်သမားလေးတွေ နားမလည်တာ နေမှာပါ။ ကိုထက်မြက် အဝတ်အစားလဲသွားပါလား၊ စိုနစ်ကုန်ပြီ"

"ရပါတယ် ကိစ္စမရှိဘူး"

မေစည်သူက ပြေရာပြေကြောင်း ဖျောင်းဖျနှစ်သိမ့်လို့သာ ထက်မြက်ခိုင်ကြည်က စိတ်လျှော့လိုက်တာ။

ဒါမျိုးကို သည်းခံချင်မှာ မဟုတ်။

"လာပါ အိမ်ထဲ ပြန်ဝင်ရအောင်"

မေစည်သူ တကယ်ပဲ အားနာမိပါသည်။

ရေပိုက်ကြီးနှင့် ဖျန်းခနဲ ပက်လာတော့ ကိုထက်မြက်ကို စိုကုန်တာမို့ ရုတ်တရက်တော့ ရယ်ချင်စိတ်ကဲသွားရသည်။

စိုစေချင်တာက တစ်ယောက်။

ရွဲသွားတာက တစ်ယောက်။

အေးဂဏ္ဍာလွဲသွားပြီ။

သို့သော် ထက်မြက်ခိုင်ကြည် စိုသွားတာကိုတော့ အားလည်းနာ မကျေနပ်ချင်လည်း ဖြစ်မိသည်။

ဒင်းတော့လား အားအားရှိ မေစည်သူကို သင်ခန်းစာပေးဖို့ပဲ တွေးနေ။ လွန်လွန်းအားကြီးသည်။ အနိုင်ကျင့်လွန်းသည်။

ဆက်ပြီး သည်းမခံနိုင်တော့ပါ။

*

"ဟဲ့ . . . ငါ့ ညှော့်သည်ကို တမင်လုပ်တာ မဟုတ်လား"

"ဘာလဲ၊ ဘာတွေ လာအော်နေတာလဲ"

"ဟွန့် . . . ခုမှ ရှူးချင်ယောင်ဆောင်မနေနဲ့"

"အသားလွတ်ကြီး"

"နင့် ခုနက ဘာလို့ ငါ့ညှော့်သည်ကို ရေတွေနဲ့ပက်ရတာ လဲပြော၊ မြင်ရက်သားနဲ့လုပ်တာ မဟုတ်လား"

"သိလည်း မေးမနေနဲ့ပေါ့"

"လူပါးကို ဝတယ်"

"သွားစမ်းပါကွာ၊ စာဖတ်နေတယ်"

"ဟင်း . . ."

မေစည်သူ နှုတ်ခမ်းကိုက်ကာ စွေ့စွေ့ခုန်သွားသည်။

ခါးထောက်လိုက်မိ၏။

"လူမှုရေး နားမလည်ဘူးလား၊ နင့်အမေနဲ့ လာတိုင်မယ်"

"တိုင်ပေါ့၊ စံပယ်ပင်လောင်းတာပဲ"

"နင် တမင်လုပ်တာ ငါသိတယ်"

"သိလည်း ပြီးတာပဲ"

"တွေ့မယ် တွေ့မယ်၊ နင့်အလှည့်ကျမှ အာမပြဲနဲ့။ သူများကို လုပ်ရင်တော့ ပြုံးပြုံးပြုံးပြုံးနဲ့ ငါးသားလောက်ပေါင်းစားထားတဲ့ ရုပ်နဲ့ မျက်နှာအဆီတက်နေတယ်"

"ဟာ ရန်စွာလှချည်လား"

"ဟွန်း . . . သူများ ခြံထဲ ချောင်းကြည့်တယ်၊ ခိုးကြောင်ခိုးပုက်နဲ့"

"ဘာ . . ."

"မဟုတ်ဘူးလား"

အေးဂဏ္ဍာက အခံရခက်သလို ထိသွားသောအခါ မေစည်သူ ကျေနပ်စွာပြုံးမိသည်။

"သတ္တိကြောင်လိုက်တာ၊ ကြည့်ချင်ရင် ရဲရဲတင်းတင်းပေါ့၊ မိတ်ဆက်ပေးမယ်လေ၊ မကောင်းဘူးလား"

မပွင့်တပွင့် ပြုံးကာ မျက်စကလေးပစ်ကာ မျက်တောင်လေးခတ်ကာ အနိုင်ပိုင်းပြောသောအခါ အေးဂဏ္ဍာ ဒေါသဆူဝေစွာ ကျန်ရစ်ရသည်။

"လုံးဂ စိတ်မဝင်စားဘူး"

"ဟုတ်ရဲ့လား"

“ဟား . .. ဟား စိတ်ကူးယဉ်မနေနဲ့၊ နင်ဟာ တလောကလုံးမှာ စိတ်ပျက်စရာအကောင်းဆုံး မိန်းကလေးပဲ”

မေစည်သူ မျက်စောင်းရွယ်ကာ လှည့်ထွက်လာခဲ့သည်။ ကိုထက်မြက်ပြန်သွားသွားချင်း ဆင်းပြီးမေးကာမှ မေစည်သူပဲ ထပ်ရှုံးသည်။ သူနှင့်ပြိုင်ဖြစ်တိုင်း ထပ်တလဲလဲ ရှုံးနေသည်။

ဒင်းကို ဝပ်သွားအောင် ချိသွားအောင် ဘယ်လိုအနိုင်ပိုင်းရမလဲ။ တစ်နေ့နေ့တော့ အကြံရလာလိမ့်မည်။

*

“သမီးရေ ခွာညိုတို့ လာတယ်ဟေ့”

“ဟုတ်ကဲ့ မေမေ”

မေမေက ခြံထဲကနေ လှမ်းအော်တာမို့ မေစည်သူက တီဗွီကို ရီမုခ်နှင့် လှမ်းပိတ်ကာ ထလာခဲ့ပါသည်။

ဧည့်ခန်းထဲက ပြေးထွက်လာသော မေစည်သူနှင့် ကားပေါ်က ဆင်းလာသော ခွာညိုတို့ ညီအစ်မ မှန်တံခါး အညိုလေးရှေ့မှာ ဆုံကြသည်။

“မေစည်သူ သမီး”

“ရှင် မေမေ”

ခြံထဲဆင်းကာ မြင်းခွာရွက်ကလေးတွေ ဇကာနှင့် ခူးနေသော မေမေက လှမ်းခေါ်လိုက်တာမို့ မေမေ့အနား လျှောက်သွားမိသည်။

“အပြင်သွားမလို့လား သမီး”

“ဟုတ်ကဲ့”

“အိမ်ခဏစောင့်ပေးဦး၊ သမီး ဖေဖေ ဖုန်းဆက်လာရင် လွဲမှာစိုးလို့

မေမေ ဈေးခဏသွားမယ်”

“လုပ်ပြီ”

မေစည်သူက နှုတ်ခမ်းစူသည်။

“ခဏလေးပါ သမီးရဲ့”

“ပြီးရော ပြီးရော”

သူငယ်ချင်းနှစ်ယောက်ရှိရာ ဧည့်ခန်းကို ပြန်ဝင်လာခဲ့သည်။ မြခွာညိုက ပြတင်းပေါက်ရပ်ကာ လိုက်ကာကို ဖယ်ကြည့်နေသည်။

“သူ ဘာကြည့်နေတာလဲ”

လှခွာညိုကို မေစည်သူက မေးမိ၏ ။

“သိဘူး၊ သိချင်ရင် သွားကြည့်ပေါ့”

မေစည်သူက စူးစူးစမ်းစမ်းကလေး မြခွာညိုဘေး ရောက်သွားသည်။

“ခိုက်ချင်စရာ”

မြခွာညို နောက်ကနေ မေစည်သူ့ကျော်ပြီး ကြည့်မိသည်။

ဟွန့်။

မြင်သွားတော့ နှုတ်ခမ်းလေးမဲ့သည်။

ခိုက်ချင်စရာတဲ့။

မှားသည်။ မြခွာညို လုံးဂ စကားလုံးလွယ်သည်။

ရိုက်ချင်စရာဆိုမှ မှန်မှာ။

အပေါ်ထပ်ဂရန်တာလက်ရန်းပေါ် တက်ထိုင်ပြီး တိုင်ကို မှီကာ ဂီတာတစ်လက်နှင့်။ အမြင်ကပ်စရာကောင်းလိုက်တာ။

“မေစည်သူ အဆင်သင့်လည်း မဖြစ်သေးဘူး”

လှခွာညိုက လှမ်းပြောပါသည်။

“အဝတ်စားလဲတာ ခဏလေးပါ။ မေမေ ဈေးသွားတုန်း အိမ်စောင့်ပေးရမှာဟဲ့”

“အမျိုးမျိုးပဲ”

“ခဏလေးပါ၊ ဘာစားမလဲ၊ ပြော ကျွေးမယ်”

လှခွာညိုကပါ မနေသာဘဲ မေစည်သူ့ဘေးနား ရောက်လာသည်။

“သူ ဘာကြည့်နေတာလဲ” ဟု မေစည်သူ မေးခွန်းကိုပဲ ပြန်မေးလာသည်။

“ကြည့်ပါလား သိချင်ရင်”

လှခွာညိုက မြခွာညို ပခုံးကို ဖက်ကာ ခြေဖျားထောက်ပြီး သေချာကြည့်သည်။

“ဘာမှလည်း မတွေ့ဘူး”

“မလျှင်လိုက်တာနော်”

မြခွာညိုက စ သည်။

“သြော် တွေ့ပြီ”

လှခွာညိုက တွေ့ပြီဆိုတဲ့အကြောင်း ရေတွက်ကာ နောက်ထပ်စကားထွက်မလာ၊ ငြိမ်ငြိမ်ကြီး ငေးနေသည်။

“ဟဲ့ . . .”

မေစည်သူက စိတ်မရှည်ဘဲ လက်မောင်းဖမ်းဆွဲခေါ်မိသည်။

"ခဏနေပါဦးဟ၊ ကြည့်ပါရစေ"

"ကြည့်စရာလား၊ ကြည့်ချင်စရာကောင်းလို့လား၊ ဒီဟာကြီးများ မင်းသားကျနေတာပဲ"

"တော်တော်ချောတယ်နော်"

"သေလိုက်"

မေစည်သူမောင် စိတ်မရှည်စွာ အော်ပစ်လိုက်၏ ။

ထိုအချိန်မှာပဲ အေးဂဏ္ဏာက လက်ရန်းပေါ်က ခုန်ဆင်းပြီး လှည့်ဝင်သွားတော့သည်။

"ဘဝင်တော့ မြင့်သထက်မြင့်ပြီ"

မကျေနပ်နိုင်လွန်းစွာ ပြောမိတော့သည်။

"သူက မေစည်သူကို လိုက်စရန်ဖြစ်နေတယ်ဆိုတော့ စိတ်ဝင်စားလို့လား မသိဘူးနော်"

"သွား . . . လုံးဝ မဖြစ်နိုင်တာ"

ခွာညိုတို့ ထင်ကြေးက ဟာသမြောက်ပါသည်။

မေစည်သူ ခေါင်းရမ်းမိသည်။

"သူက ငါ့ကို တလောကလုံးမှာ စိတ်ပျက်စရာအကောင်းဆုံးမိန်းမတဲ့"

"ဟုတ်လား"

မြခွာညိုက အံ့သြသွားပြီးမှ . . .

"နားကြားလွဲတာများလား" ဟုအူကြောင်ကြောင် မေးလာ၏ ။

"ဘာကို နားကြားလွဲရမှာလဲ"

“စိတ်ဝင်စားစရာအကောင်းဆုံး မိန်းမလို့များ ပြောတာလားဟယ်”

“ဖြစ်မှ ဖြစ်ရလေ၊ ငါနဲ့ သူက ရန်ဘက်ပြိုင်ဘက် လုံးဝမတည့်ဘူး။ နင် စိတ်အေးအေးထား မြခွာညို၊ လုံးဝ ငါ့ကို စိတ်မဝင်စားဘူး” ဟု မေစည်သူက ပိုင်နိုင်သေချာနေ၏။

“တကယ်နော်”

“တကယ်ပေါ့၊ ငါကလည်း သူ့ကို လုံးဝပဲ၊ တစ်ခုတော့ ရှိတယ်”

ကြည်နူးစွာပြောသောအခါ မြခွာညိုက စိတ်ဝင်စားသွားသည်။

“ဘာလေးမဆို ငါကလည်း သူ့ကို အသာစီးရချင်တယ်လေ။ သူ့ရှေ့မှာ မငုံ့ချင်ဘူး၊ အမြဲမော်ကြွားနိုင်ချင်တယ်”

“ဘာလို့လဲ”

“သူနဲ့ ငါနဲ့မှ မတည့်ဘဲ”

“ထားပါတော့”

“ငါ့ဘေးမှာ သူ့ထက်သာတဲ့ ကိုထက်မြက်အဆင်သင့်ရှိနေတာကို ငါ သူ့ရှေ့ရောက်တိုင်း ချိုချိုမြိန်မြိန် ခံစားရတယ် သိလား”

“မဆီမဆိုင်”

“ဆိုင်တာပေါ့၊ ဒါ ငါ သူ့ကို တကွက်အသာရတာ ပေါ့”

“သူ့မှာ မရှိဘူးလား”

“ဟင့်အင်း၊ သူ့မေမေက ငါ့ကို သဘောကျနေတာလေ”

“ဒီလိုလား”

“ဒါကြောင့်၊ ငါ ကိုထက်မြက်ကို ပြတ်ပြတ်သားသား

မငြင်းသေးတာပေါ့။ မေမေ ဆူမှာကြောက်တာလည်း ပါတော့ ပါတယ် အဟိ”

ဇက်ကလေးပု လက်မလေးကိုက်ကာ ရယ်ဖြဲဖြဲနှင့် ဝန်ခံ၏။

“ဒါဆို နင်က ဂရုစိုက်တာပေါ့”

“အင်း”

မေစည်သူ ဆတ်ခနဲ ခေါင်းညိတ်သည်။

“ဂရုစိုက်တာပေါ့၊ ငါ သူ့ရှေ့မှာ အမြဲတမ်းမော့ပြီး ပြုံးနိုင်ဖို့ ဂရုစိုက်ရမှာပေါ့”

မြခွာညိုက မျက်လုံးလေးပင့်သည်။

“အံ့လောက်ပါရဲ့”

*

ခေါင်းလောင်းဆွဲသံသဲ့သဲ့ကြားရတာ မို့ မေစည်သူမောင်က ဂရန်တာထွက်ကြည့်သည်။ အေးဂဏ္ဍာကို မယ်လမင်းဂျိုင့်နှင့် မြင်ရသောအခါ တစ်ခုခုလာပို့တာပဲဟု တန်းခနဲသိသည်။

အိမ်မှာလည်း ဘယ်သူမှမရှိ။

ကောင်းလိုက်တာ။

ဒင်းကို ဒဏ်ပေးထားရမည်။

စောင့်ပေဦးတော့။

အပေါ်ထပ်ဂရန်တာကနေ မေစည်သူ ထွက်ကြည့်တာမို့ အေးဂဏ္ဍာက ခေါင်းလောင်းကြိုးကို လွှတ်လိုက်တာ စောင့်နေလိုက်၏။

သူ့ကို ဘယ်လိုညစ်မလဲဟု ထင့်ခနဲဖြစ်သည်။ ထင်ထားသလိုပါပဲ။

တော်တော်နှင့် လူရိပ်လူရောင်မတွေ့။ ဘယ်သူမှ ခြံဝထွက်မလာ။ မစည်သူ တမင်လုပ်တာ သိလိုက်၏ ။ အေးဂဏ္ဏာ စိတ်တိုပြီး ခေါင်းလောင်းကြိုးကို အဆက်မပြတ် ဆွဲပစ်လိုက်ပါသည်။ ဒါမျိုးရမလား။

မစည်သူ ပြေးထွက်လာတာ မြင်မှ ရပ်လိုက်သည်။

"ဘယ်လိုဖြစ်တာလဲ၊ လာမှာပေ့ါ"

"မသိတာကျနေတာပဲ"

"ယောက်ျားဖြစ်ပြီး ရန်စွယ်ငေါငေါနဲ့"

မစည်သူက ပွစိပွစိရေရွတ်သည်။

"ဘာလဲ"

"မမေ ကြာဇံချက် ပို့ခိုင်းတာ"

"ဘယ်သူမှ မရှိဘူး၊ ငါက ကြာဇံချက် မကြိုက်ဘူး"

အေးဂဏ္ဏာက စူးခနဲကြည့်သည်။

"ပြီးရော"

ချာခနဲ လှည့်ထွက်သွား၏ ။

"ဟဲ့ . . .နေဦး၊ ပေး . . . ပေး"

လူကြီးတွေသိကုန်လျှင် မစည်သူ ဆူခံထိကာ အနေခက်မှာ။

"ရပါတယ်၊ နင်မယူချင်ဘူးလို့ မေမေ့ကို ပြောလိုက်မယ်"

"ကုန်းမချောနဲ့၊ မယူချင်ဘူးဆိုတာ နင့်စကားလား ငါ့စကားလား။ စဉ်းစားပါဦး၊ ငါပြောသေးလို့လား၊ မယူဘူးလို့"

"ဒါဆို ယူမှာပေ့ါ"

“ပေး”

အေးဂဏ္ဏာက အဓိပ္ပါယ်ပါပါ ပြုံးသည်။

“နင်တောင်းတာနော်။ ငါက ယူပါလို့ မပြောဘူး”

“လုပ်မနေနဲ့၊ ကြာဇံချက် ထည့်ပြော”

အသားယူပြောနေတာ မြင်ပြင်းကပ်စရာ။

“ရော့ . . . ချိုင့်ကို နင်လာပို့”

“မပို့နိုင်ဘူး၊ တစ်ခါတည်းပြန်ယူ”

“ငါ ဒီမှာ မစောင့်နိုင်ဘူး”

အေးဂဏ္ဏာက ပေးပြီးတာနှင့် လစ်တော့သည်။

မေစည်သူမောင် ချိုင့်ပြန်ပေးဖို့ ဝန်လေးမိသည်။

သူ့အလှည့်ဆို ဘာတွေ ကြံစည်နှိပ်စက်ဦးမှာလဲ။ တွေးပြီးလန့်နေမိသည်။

*

“သြော် . . . ဧည့်သည်တွေကိုး လာကြ . . . လာကြ။ ခရီးဝေးက လာရတာ မဟုတ်လား။ မောနေဦးမယ်၊ ရေသန့်ဘူးယူမှ”

မေမေ့အသံကြောင့် မေစည်သူမောင် နားစွင့်မိပါသည်။

“နီးရက်နဲ့ဝေး၊ ကပ်ပြီးကျော်နေတာ တကယ်ပဲ မရောက်ဖြစ်ဘူး။ တကူးတကလာမယ်ဆိုမှပဲ ရောက်တော့တာ”

ဒါ အေးဂဏ္ဏာ မေမေ အန်တီသက် အသံပါလား။

မျက်လုံးလေးထောင့်ကပ်ကာ စဉ်းစားမိပါသည်။

ဘာလို့ လာတာပါလိမ့်။

ခါတိုင်းဆို မေမေနှင့် အေးဂဏ္ဍာ မေမေ ဖုန်းပဲ များများပြောတတ်ပြီး ပေးစရာယူစရာ လုပ်စရာရှိလျှင် အေးဂဏ္ဍာနှင့် မေစည်သူမောင်ကိုပဲ လွှဲပေးခိုင်းတတ်တာမျိုးပါ။

ဘာကိစ္စများပါလိမ့်။

နည်းနည်းတော့ စိတ်ဝင်စားစရာကောင်းသည်။

စပ်စုချင်သော စိတ်ကလေးနှင့် ဧည့်ခန်းထဲ ထွက်လာမိလျက်သားဖြစ်သွား၏ ။ အေးဂဏ္ဍာ ပါလာမည်ဟု မထင်တာလည်းတကြောင်းပါ။ အေးဂဏ္ဍာက မေမေတို့နှင့် ခပ်လှမ်းလှမ်းမှာ ရပ်နေသည်။ မျက်နှာက မကြည်တကြည် အလိုမကျဟန်စွက်စွက်။

မုန်းဖို့ကောင်းတဲ့ရုပ်ကြီး။

“သား . . . မောင်ဂဏ္ဍာ လာလေ”

မေမေက လှမ်းသတိပြုမိပုံနှင့် ခေါ်ပါသည်။

မေစည်သူမောင်က အေးဂဏ္ဍာမေမေဘေးမှာ သွားရပ်မိသည်။

“သမီးလေး၊ အိမ်တွင်းအောင်းနေပါလား၊ အန်တီသက်တို့ ခြံဘက်ကူးပါဦး၊ မတွေ့တာကြာပြီ”

“လာပါတယ် အန်တီသက်ရဲ့”

အန်တီသက်က မေစည်သူကို ဘေးမှာထိုင်စေသည်။

“ဘယ်လိုလဲ မေးပြီးပြီလား”

မေမေ့ကို အန်တီသက်က မေး၏ ။ အေးဂဏ္ဍာက ထိုင်ခုံတစ်ခုမှာ လာဝင်ထိုင်သည်။ ဧည့်ခန်းကိုဖြတ်ပြီး တံခါးဝကို အကြည့်ပို့ထား၏ ။

လိုက်လာရတာ အင်မတန်ဝန်လေးလှသလို။

ကြီးကျယ်တဲ့ ရုပ်ကြီး။

နှုတ်ခမ်းက တင်းနေသည်။ မျက်လုံးက ငြိမ်နေသည်။

ဒါကိုများ ခိုက်ချင်စရာတဲ့လား မြန္မာညို့ရယ်။

“မေပြီးပါပြီ သက်ရယ်၊ မောင်ထက်မြက်က လုံးဝမအားဘူးတဲ့လေ။ သူက ခုတလော လုပ်ငန်းတွေ ချဲ့ထားတော့ ပိုပြီး အလုပ်များနေတာ။ လိုက်တော့ လိုက်ချင်ရှာသား”

မေမေတို့ ဘာတွေ စီစဉ်နေပါလိမ့်။

မေစည်သူပင် မသိလိုက်ပါလား။

အန်တီသက်နှင့် မေမေ တိုင်ပင်စီစဉ်ကြတာပဲဖြစ်သည်။

“မောင်ထက်မြက်ပါတော့ ကားကို တလှည့်စီ မောင်းလို့ရတာ ပေါ့။ ရပါတယ်လေ ကိစ္စမရှိပါဘူး”

“အင်း . . . မောင်ခိုင်ကြည်က တကယ်မအားတာ သက်ရဲ့”

မေစည်သူမောင်က နားမလည်နိုင်ဘဲ။

“မေမေတို့ ဘယ်သွားမလို့လဲ”

“ချောင်းသာလေ သမီးရဲ့”

“ဟင် . . .”

တအံ့တသြလေးဖြစ်ကာ စည်သူရောလားဟု မေးမိသည်။

“ထားခဲ့မလား သမီးကို”

မေမေ့စကားကြောင့် မေစည်သူ ဟေးခနဲအော်မိသည်။

“ပျော်စရာကြီးနော်”

အေးဂဏ္ဍာက ကလေးတစ်ယောက်လို မြူးသွားသော မစည်သူမောင်ကို မျက်လုံးထောင့်ကပ်ပြီး ကြည့်လာသည်။ ဘုကြည့်။

“မမေ မြခွာညိုတို့လည်း ခေါ်မယ်”

“သဘောပဲလေ၊ မတားပါဘူး”

မစည်သူမောင်က ကြည်နူးစွာ ပြုံးနေတော့သည်။ ပြီးမှ ကိုထက်မြက် ဘာလို့ မလိုက်တာပါလိမ့်ဟု တွေးမိ၏ ။

မေးကြည့်ရကောင်းမလားဟု စိတ်ကူးသည်။

အေးဂဏ္ဍာရော မြခွာညိုရော ပါမှာကို ကိုထက်မြက်မပါလျှင် မစည်သူအတွက် မျက်နှာငယ်စရာဖြစ်နေမလား။

ကိုထက်မြက် မငြင်းသင့်ပါဘူး ဒီခရီးစဉ်ကို။

အခိပ္ပါယ်မရှိတာ။

ဒါ ငြင်းစရာလား။

အေးဂဏ္ဍာက မပြောမဆို ထထွက်သွားပြီး ခြံထဲက ခုံမှာ သွားထိုင်နေ၏ ။

အေးဂဏ္ဍာတို့ရှေ့မှာ ကိုထက်မြက်က အရိပ်တကြည့်ကြည့် ဂရုစိုက်နေလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။

မဟုတ်သေးပါဘူး။ စည်သူလည်း သူ့ကို ချစ်တာမဟုတ်။ ဆုံးဖြတ်ချက်လည်း ကျသေးတာမဟုတ်။ မပါတာဘဲ ကောင်းကောင်းရယ်။

ချက်ချင်းပဲ တွေဝေကာ ငြိမ်ကျသွားရတော့သည်။

*